# နေ့စဉ်သုံးမြန်မာစကားရှိဂယက်အနက်ထင်သော
# စကားလုံးများကိုအတ္ထဗေဒအမြင်ဖြင့်လေ့လာခြင်း

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မနီနီဝင်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မတ်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် နေ့စဉ်သုံး မြန်မာစကားရှိ ဂယက်အနက်ထင်သော စကားလုံးများကို အတ္ထဗေဒအမြင်ဖြင့် လေ့လာထားခြင်း ဖြစ်ပါသည်။ ဤကျမ်းကို လေ့လာရသော ရည်ရွယ်ချက်မှာ နေ့စဉ်သုံး မြန်မာစကားများတွင် ဂယက်အနက်များ ပါဝင်နေကြောင်းနှင့် အနက်အဓိပ္ပာယ် ကြွယ်ဝမှုရှိကြောင်းကို ဖော်ထုတ်ပြလိုခြင်း ဖြစ်ပါသည်။ လေ့လာမှုနယ်ပယ်ကန့်သတ်ရာတွင် ဘာသာဗေဒ၏ အကိုင်းအခက် တစ်ခု ဖြစ်သော အတ္ထဗေဒနယ်ပယ်ကိုသာ ရွေးချယ်၍ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

ဘာသာစကားတစ်ခုတွင် အပြောဘာသာစကားနှင့် အရေးဘာသာစကားဟူ၍ နှစ်မျိုးရှိရာ ဤကျမ်းသည် နေ့စဉ်သုံး မြန်မာဘာသာစကား အပြောဘာသာစကားကိုသာ အဓိကထားပြီး လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ အပြောဘာသာစကားဟုဆိုရာတွင်လည်း နေ့စဉ်အသုံးပြုပြောဆို နေကြသော မြန်မာစကားများမှ ဂယက်အနက်ထင်ဟပ်နေသော စကားလုံးများကိုသာ လေ့လာတင်ပြ ထားခြင်း ဖြစ်ပါသည်။

ထိုသို့နေ့စဉ်သုံး မြန်မာစကားများမှ ဂယက်အနက်ထင်ဟပ်နေသော မြန်မာစကားလုံးများကို လေ့လာရာတွင် လူတို့နေ့စဉ်အသုံးပြုပြောဆိုနေသော စကားလုံးများကို ကောက်ယူ၍ စနစ်တကျ ဖြစ်စေရန် အက္ခရာစဉ်ကာ ထိုစကားလုံးများက ဖော်ထုတ်ပေးသော ဂယက်အနက်များကို အသေးစိတ် လေ့လာတင်ပြထားပါသည်။

ထိုသို့ လေ့လာခြင်းဖြင့် လူအများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ဂယက်အနက်ထင်သော စကားလုံးများကို လိုသလိုအသုံးပြု၍ မိမိပြောလိုသည့် အကြောင်းအရာတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်ခြင်း၊ အခြားသူများပြောဆိုသုံးနှုန်းထားသည့်အခါတွင်လည်း ထိုစကားလုံးများ၏ နောက်ကွယ်ရှိ ဂယက်အနက်များကို အလွယ်တကူ ဖော်ထုတ်နားလည်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။